ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နေပြည်တော်

Ocean Tiger Co., Ltd.မှ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ဆတ်ရိုးကျရပ်ကွက်၊ နာဇီတောင်လမ်း၊
ကွင်းအမှတ် (၄)တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော
ပင်လယ်စာပြုပြင်ထုတ်လုပ်ခြင်းနှင့် အေးခဲခြင်းစက်ရုံစီမံကိန်းအတွက် တင်ပြလာသော
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

## (Environmental Compliance Certificate-ECC)

ရက်စွဲ၊ ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

# (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( 0၉၈ ) ရက်စွဲ။ ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

(က) **စီမံကိန်းအဆိုပြုသူ** - Mr. Ou Xiong
Director
Oecan Tiger Company Limited

(ခ) **ဆက်သွယ်ရန်လိပ်စာ** - အမှတ် (၆၁)၊ အေးသာယာလမ်း၊ ဆိတ်ရိုးကျ ရပ်ကွက်၊ စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်၊ ဖုန်း-၀၉၂၆၃၁၈၉၉၉၀၈၊ recordohung@gallant-ocean.com

(ဂ) **စီမံကိန်းအမျိုးအစား** - ပင်လယ်စာပြုပြင်ထုတ်လုပ်ခြင်းနှင့် အေးခဲခြင်း စက်ရုံလုပ်ငန်း

(ဃ) **စီမံကိန်းကာလ** - အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ

(င) **စီမံကိန်း၏ အရွယ်အစား** - စီမံကိန်းမြေ ဧရိယာ ၄.၂၃၄ ဧက

(စ) **စီမံကိန်းတည်နေရာ** - ကွင်းအမှတ်(၄)၊ နာဇီတောင်လမ်း၊ ဆိတ်ရိုးကျ ရပ်ကွက်၊ စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်

(ဆ) **ECC သက်တမ်း** - (၅) နှစ်
စတင်ထုတ်ပေးရက် - ၁၈-၁၁-၂၀၂၂
သက်တမ်းကုန်ဆုံးရက် - ၁၇-၁၁-၂၀၂၇

(ဇ) **အတည်ပြုအစီရင်ခံစာ** - ကုမ္ပဏီ၏ ၁၄-၉-၂၀၂၂ ရက်စွဲပါ တင်ပြသည့်စာ

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့်တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

## ပင်လယ်စာပြုပြင်ထုတ်လုပ်ခြင်းနှင့် အေးခဲခြင်းစက်ရုံလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ

၁။ Oecan Tiger Co., Ltd.က ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ဆိတ်ရိုးကျရပ်ကွက်၊ နာဇီတောင်လမ်း၊ ကွင်းအမှတ် (၄)တွင် ပင်လယ်စာပြုပြင်ထုတ်လုပ်ခြင်းနှင်း အေးခဲခြင်းစက်ရုံလုပ်ငန်းအတွက် ကုမ္ပဏီ၏ ၁၄-၉-၂၀၂၂ ရက်စွဲပါစာဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan- EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** Mr.Ou Xiong၊ Director၊ Oecan Tiger Company Limited၊ အမှတ် (၆၁)၊ အေးသာယာလမ်း၊ ဆိတ်ရိုးကျရပ်ကွက်၊ စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်၊ ဖုန်း-၀၉၂၆၃၁၈၉၉၀၈၊ recordohung@gallant-ocean.com ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** ပုစွန်နှင့် အခွံပျော့ဂဏန်းထုတ်လုပ်မှုလုပ်ငန်းစဉ်အနေဖြင့် ကုန်ကြမ်းပစ္စည်းများ ဝယ်ယူခြင်း၊ အရည်အသွေးမပြည့်ဝသော ကုန်ကြမ်းများအား ပယ်ခြင်း၊ ရေဆေးခြင်း၊ ချိန်တွယ်ခြင်း၊ ထုတ်ပိုးခြင်း၊ ရေခဲသတ္တာအတွင်း သိုလှောင်ခြင်းနှင့် ဖော့ဘူးအတွင်း ထည့်သွင်းခြင်းတို့ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အဓိကကုန်ကြမ်းပစ္စည်းများဖြစ်သော ပုစွန်များနှင့် အခွံပျော့ဂဏန်းများအား ကုန်သည်များထံမှ ဝယ်ယူမည်ဖြစ်၍ တစ်လလျှင် တန်ချိန် (၁၅၀) တန်အား နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရောင်းချကြောင်း၊ ရေအရင်းအမြစ်အား စစ်တွေမြို့ မြို့မကန်မှ ရယူမည်ဖြစ်ပြီး ရေသုံးစွဲမှုပမာဏမှာ ထုတ်လုပ်မှုလုပ်ငန်းအတွက် (၂၃၈,၀၀၀) ဂါလန်နှင့် အလုပ်သမားသုံးရေအတွက် (၈၀,၀၀၀) ဂါလန်သုံးစွဲကြောင်း၊ လျှပ်စစ်စွမ်းအင်အား မဟာဓာတ်အားလိုင်းမှ ရယူသုံးစွဲပြီး လျှပ်စစ်မီးပြတ်တောက်သည့်အချိန်တွင် ဒီဇယ်အင်ဂျင်သုံး (150) KVA နှင့် (500) KVA မီးစက် (၂)လုံးထားရှိကြောင်း၊ ဝန်ထမ်းစုစုပေါင်း (၁၇၈)ဦးတို့ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ကွင်းအမှတ် (၄)၊ နာဇီတောင်လမ်း၊ ဆိတ်ရိုးကျရပ်ကွက်၊ စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်တွင် တည်ရှိသည်။ မြောက်လတ္တီကျူ ၂၀°၈'၄၉.၀၉"နှင့် အရှေ့လောင်ဂျီကျူ ၉၂°၅၃' ၅.၉၈"တွင် တည်ရှိသည်။

2/4





**Figure1: Location map of Project**




**Figure 2: Site Layout Plan**




Figure 3: Production process of Soft-Shell Crab





Figure 4: Production process of Shrimp

နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူက ကုမ္ပဏီ၏ ၁၄-၉-၂၀၂၂ ရက်စွဲပါစာဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာ ဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေနှင့်လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့် သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** ပုစွန်နှင့် အခွံပျော့ဂဏန်းထုတ်လုပ်မှုလုပ်ငန်းစဉ် အနေဖြင့် ကုန်ကြမ်းပစ္စည်းများ ဝယ်ယူခြင်း၊ အရည်အသွေးမပြည့်ဝသော ကုန်ကြမ်း များအား ပယ်ခြင်း၊ ရေဆေးခြင်း၊ ချိန်တွယ်ခြင်း၊ ထုတ်ပိုးခြင်း၊ ရေခဲသတ္တာအတွင်း သိုလှောင်ခြင်းနှင့် ဖော့ဘူးအတွင်း ထည့်သွင်းခြင်းတို့ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ယန္တရားများနှင့် အအေးပေးစက်များအသုံးပြုရာ၌ Gas ယိုစိမ့်မှုမဖြစ်စေ ရေးအတွက် ပုံမှန်စစ်ဆေးဆောင်ရွက်ရန်၊

(၂) အအေးပေးစက်များတွင် Freons ဓာတ်ငွေ့အား အသုံးပြုဆောင်ရွက်ရန်၊

(၃) သယ်ယူပို့ဆောင်ရေးယာဉ်များမှ ထွက်ရှိသောအခိုးအငွေ့များအား လျှော့နည်း စေရေးဆောင်ရွက်ရန်၊

(၄) ဂျင်နရေတာများအား သတ်မှတ်ထားသည့်နေရာတွင် အသံလုံစနစ်ဖြင့် ထားရှိ ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေဆိုးများအားသန့်စင်ပြီးမှသာ သဘာဝရေထဲသို့ စွန့်ပစ်ဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ရေအရည်အသွေးနှင့်စပ်လျဉ်း၍ NEQEG နှင့် WHO ၏ သတ်မှတ်စံနှုန်း နှင့်အညီ ရေဆိုးသန့်စင်သည့်စနစ် တပ်ဆင်ထားရှိရန်၊

(၃) ရေသုံးစွဲမှုအား ထိန်းချုပ်နိုင်ရေးအတွက် ရေမီတာတပ်ဆင်ဆောင်ရွက်ရန်။

(င) **ဆူညံသံစီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံနှင့် တုန်ခါမှုကာကွယ်ရန်အတွက် အသံထိန်းစနစ်တပ်ဆင် ဆောင်ရွက်ရန်၊

(၂) စက်ပစ္စည်းနှင့် ယာဉ်များအား ကောင်းမွန်စွာထိန်းသိမ်းရန်၊

(၃) သစ်ပင်များ စိုက်ပျိုးဆောင်ရွက်ရန်။

(ဈ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်ဆက်သွယ်၍ ပုံမှန်စွန့်ပစ်ဆောင်ရွက်ရန်၊

(၂) အဖုံးပါသည့်အမှိုက်ပုံးများ ထားရှိဆောင်ရွက်ရန်၊

(၃) စက်ရုံအတွင်းရှိ အိမ်သာသုံးစွန့်ပစ်အမှိုက်များအား ပုံမှန်သိမ်းဆည်း၍ သန့်ရှင်းစေရေးဆောင်ရွက်ရန်၊

(၄) ထုတ်လုပ်မှုလုပ်ငန်းမှ ထွက်ရှိလာသော မလိုလားအပ်သည့် အစိတ်အပိုင်းများအား တိရစ္ဆာန်အစာအဖြစ် ပုစွန် (သို့) ငါးမွေးမြူရေးလုပ်ငန်းသို့ လွှဲပြောင်းဆောင်ရွက်ရန်။

(ည) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) တစ်ကိုယ်ရည်ကာကွယ်ရေး အသုံးအဆောင်ပစ္စည်းများ (လက်အိတ်၊ ဦးထုပ်၊ မျက်မှန်၊ နားကြပ်နှင့် နှာခေါင်းစည်း) စသည်တို့ကို ဝတ်ဆင်ဆောင်ရွက်ရန်၊

(၂) ဝန်ထမ်းများအား ကျန်းမာရေးလုံခြုံမှုသင်တန်းများ ပို့ချဆောင်ရွက်ပေးရန်၊

(၃) စက်ရုံအတွင်း First Aid Box ထားရှိ၍ အလုပ်သမားများ အသုံးပြုနိုင်ရေး သင်ကြားပေးရန်နှင့် လိုအပ်ပါက ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးရန်၊

(၄) အအေးပေးစနစ်မှ Gas ယိုစိမ့်မှုကြောင့် ကျန်းမာရေးထိခိုက်မှုမရှိစေရေးအတွက် Gas Sensors (သို့မဟုတ်) Portable Gas Detectors တို့ကို အသုံးပြုတိုင်းတာရန်နှင့် ယိုစိမ့်မှုဖြစ်ပွားပါက လုပ်ဆောင်မည့် အစီအစဉ်များအား လေ့ကျင့်ဆောင်ရွက်ပေးရန်။

(ဋ) **မီးဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေဖျန်းစက် သို့မဟုတ် မီးသတ်အချက်ပေးစနစ်အား နှစ်စဉ်တပ်ဆင်ဆောင်ရွက်ပေးရန်၊

(၂) မီးသတ်ဆေးဘူးများ ကောင်းမွန်စွာ ရှိ/မရှိ အနည်းဆုံး ဆယ့်ငါးရက် တစ်ကြိမ် စစ်ဆေးရန်။

(ဈ) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် အက်ကွဲမှုများနှင့် အခြားပျက်စီးမှုများရှိမရှိ စစ်ဆေး၍ လိုအပ်ပါက ချက်ချင်းဆောင်ရွက်ရန်နှင့် အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) အလုပ်သမားများ လုပ်ငန်းခွင်တွင် PPE ဝတ်စုံများ ဝတ်ဆင်ဆောင်ရွက်ရန်၊

(၃) ဓာတ်ငွေ့အာရုံခံကိရိယာများ တပ်ဆင်ခြင်း သို့မဟုတ် ဓာတ်ငွေ့ရှာဖွေကိရိယာများ အသုံးပြုခြင်းဖြင့် အအေးပေးသည့် လုပ်ငန်းမှ ထွက်ရှိသည့် ယိုစိမ့်မှုများအား ကာကွယ်ရန်။

(ည) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးအား $PM_{10}$, $PM_{2.5}$, CO, $CO_2$, $NO_2$, $SO_2$, $O_3$ တို့ကို Haz-Scanner EPAS ဖြင့် (၁) နှစ်လျှင် (၁)ကြိမ် စောင့်ကြည့်စစ်ဆေး ဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ရေ ရေအရည်အသွေးအား BOD, COD, Oil and Grease, pH, Total Coliform Bacteria, Total Suspended Solid, Total Nitrogen, Total Phosphorous, Chlorine တို့ကို Lab အခန်းတွင် ဆန်းစစ်ရန်နှင့် မြေပေါ်ရေဖြစ်သော ဆတ်ရိုးကျချောင်း ရေအရည်အသွေးအား pH, Temperature, EC, Total Dissolved Solid, DO, Turbidity, Salinity တို့ကို HORIBA U-50 ဖြင့် Onsite တိုင်းတာခြင်းကို (၁) နှစ်လျှင် (၂) ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၃) ဆူညံသံထွက်ရှိမှုအား Digital Sound Level Meter ဖြင့် (၁) နှစ်လျှင် (၂) ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၄) အနံ့ဆိုးထွက်ရှိမှုအား SKY2000-Odor Detector ဖြင့် လစဉ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊

(၅) စွန့်ပစ်ပစ္စည်းများကို အမျိုးအစားခွဲခြား၍ အမှိုက်စုစည်းသည့်နေရာအား အပတ်စဉ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊

(၆) လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးအတွက် အလုပ်သမားများ၏ ကျန်းမာရေးအခြေအနေများကို စစ်ဆေးမှုပြုလုပ်ခြင်းအား နှစ်စဉ် စောင့်ကြည့်စစ်ဆေးရန်။

ညီ

(ဋ) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တို့အတွက် စက်ရုံမန်နေဂျာ၊ မန်နေဂျာ၊ လုံခြုံရေးဝန်ထမ်း၊ အင်ဂျင်နီယာစသည့်အဖွဲ့ဝင်များဖြင့် အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဌ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ဆန္ဒနှင့် သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဍ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် ထိခိုက်မှုလျှော့ချရေးအစီအစဉ်အတွက် ရန်ပုံငွေ ကျပ် (၃၃) သိန်း သုံးစွဲလျာထားရန်၊

(၂) စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် ရန်ပုံငွေ ကျပ် (၄,၈၁၀,၀၀၀) သုံးစွဲလျာထားရန်။

(ဎ) **လုပ်ငန်းပိတ်သိမ်းခြင်း။** စက်ရုံပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပိတ်သိမ်းခြင်း မဆောင်ရွက်မီ တစ်လကြိုတင်၍ ပိတ်သိမ်းမည့် အစီအစဉ်ကို တင်ပြရမည်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝလိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံအမျိုးသား အဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ

၁၂

ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှောင်လူပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသောစွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှုပပျောက်ရေးဆောင်ရွက်ရန်၊

(၃) သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းများအား စွန့်ပစ်စုပုံစွန့်ပစ်ရန်နှင့် သတ်မှတ်ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အန့်အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများစီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်များနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသောစွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃dBAထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) ပင်လယ်စာပြုပြင်ထုတ်လုပ်ခြင်းနှင့် အေးခဲခြင်းစက်ရုံ လုပ်ငန်းနှင့် ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်ကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်ကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှု အပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်းဖြစ်ပေါ်ပါက တင်ပြရန်၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခုဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်းဖြစ်ပေါ်ပါက တင်ပြရန်၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ပါက တင်ပြရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကိုဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ်သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနကအမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူကယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်းလည်းကောင်းဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့်ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကိုတားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြ ရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရန်၊

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက် စာတမ်းအထောက်အထားများ တင်ပြရန်၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက် ရာတွင် အစီရင်ခံသည့်အချိန်အထိတိုးတက်မှုတို့ကို တင်ပြရန်၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့်အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများကို တင်ပြရန်၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ် ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို တင်ပြရန်၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ် ကြည့်ရှုမှုကို တင်ပြရန်။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက် ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤECCနှင့်အညီ ဆောင်ရွက်ခဲ့

ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်း အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဆ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့်နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထု ပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(ဇ) **လူမှုတာဝန်သိအစီအစဉ်(CSR)ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိ အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက်မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီ အစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက် ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက် ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက် များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဈ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူ သည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာ ဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော် ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ် ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများတို့ ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည် ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက် မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုး လုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင် ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းစသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လတစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီး ဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရန်နှင့် မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျီတယ်မိတ္တူကို တောင်းခံ နိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကိုရရှိပြီးနောက် (၁၀)ရက် အတွင်း ဒီဂျီတယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘော တူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက် ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်း သည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များ အားချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့်ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာ များကို စစ်ဆေးခြင်း၊ ဒီဂျီတယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထား များကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်

ဟုယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဇ) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ (၆) လကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက်နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သောဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ရရှိပြီး (၂)နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာအကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါစည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံ

ခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်း အဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေ ကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်းသိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)ကို မူလအတည်ပြုခဲ့ သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မူလပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီ အစဉ် (EMP)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော် ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက်ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာလျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိ သာသာအပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချ နိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံ လက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင် ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက် ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့်

ဂေဟာစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံး စရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထား အချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သည် ဤလက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏

ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံး တို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။